# မာတိကာ

ထုတ်ဝေသူ၏ အမှာ ၉
၁ တရုတ်၊ ရုရှား၊ အမေရိကန်တို့၏ ခြေလှမ်းများ ၁၁
၂ အာဖဂန်နစ္စတန်၊ တာလီဘန်၊ အမေရိကန်၊ ပါကစ္စတန် ၁၉
၃ အာဖဂန်အရေး ပါကစ္စတန်၏ ရွေးချယ်ရာလမ်း ၂၇
၄ တာလီဘန် သံခိပ် ၃၃
၅ အာဖဂန်နစ္စတန်နှင့်ပတ်သက်သော ရုရှားမူဝါဒ ၄၁

နှောင်းအတိတ်
၆ တာလီဘန်နှင့် အာဖဂန်တပ်များ -၁ ၄၉
၇ တာလီဘန်နှင့် အာဖဂန်တပ်များ - ၂ ၅၇
၈ ရာစုသုံးခု၌ စူပါပါဝါသုံးနိုင်ငံ 'တပ်လန်'ခဲ့သော အာဖဂန်နစ္စတန် ၆၃
၉ တာလီဘန်နှင့် တရုတ်ဆက်ဆံရေး ၈၅
၁၀ အာဖဂန်နစ္စတန်စစ်ပွဲမှ ကိန်းဂဏန်းများ ၉၅
၁၁ အာဖဂန်ကို အပြစ်တင်မစောစေလို ၁၀၅
၁၂ တာလီဘန်၏ အာဖဂန်အစိုးရတစ်ကြိမ် ၁၁၅
၁၃ ဟာမစ်ကာဇိုင်းလေဆိပ်မှ အိုင်အက်စ်-ကေ ၁၂၃
၁၄ တာလီဘန်၊ ပန်ဂျရှားနယ်နှင့် အမွဒ် မာဆောဒ် ၁၃၁
၁၅ ဂေဇာ၊ စူပါပါဝါ၊ ယူနီပိုလာလင်းယုန်၏ ခြေရာများ ၁၃၉
၁၆ ရုရှားဥပဒေနှင့် အာဖဂန်နစ္စတန် ၁၅၉



ပစ္စုပ္ပန်
၁၇ အာဖဂန်နစ္စတန်၏ ကြားဖြတ်အိမ်စောင့်အစိုးရ ၁၆၇
၁၈ အာဖဂန်နစ္စတန်ရှိ အကြမ်းဖက်အုပ်စုများ ၁၇၇
၁၉ အာဖဂန်ကို ကျူးကျော်ခြင်းမှ ရုရှားတို့ ယူခဲ့သည့် သင်ခန်းစာ ၁၈၉
၂၀ အာဖဂန်ရုပ်ကြီးစင်၏ ကြိုးဆွဲဆရာ - ၁ ၁၉၉
၂၁ အာဖဂန်ရုပ်ကြီးစင်၏ ကြိုးဆွဲဆရာ - ၂ ၂၀၅
၂၂ ကဘူးလ်၌ လစ်ဘရယ်ဒီမိုကရေစီ ကျဆုံးခန်း ၂၁၅
၂၃ စစ်ကိုဆုတ်၍ မုန်းခဲ့သည် ၂၂၅
၂၄ အာဖဂန်နစ္စတန်၏ တစ်လသား တာလီဘန်အစိုးရ ၂၃၃
၂၅ တာလီဘန်နှင့် ဒေသတွင်း ၁၀ နိုင်ငံ၏ မော်စကိုကွန်ဖရင့် ၂၄၇
၂၆ ပါဝါကစားပွဲကြားက အာဖဂန်နယ်ရုပ်များ ၂၅၃
၂၇ တာလီဘန်အစိုးရအတွက် စိန်ခေါ်ချက်နှင့် အဖြေများ ၂၆၁

နိဂုံး
၂၈ အာဖဂန်နစ္စတန်၊ အိပ်မက်ထဲက ရွှေပြည်တော် ၂၆၇

နောက်ဆက်တွဲ
အာဖဂန်နစ္စတန်တွင် ပြန့်ကျဲနေသော စစ်လက်နက်များ ၂၈၉



# ထုတ်ဝေသူ၏ အမှာ

၂၀၂၁ ခုနှစ် ကမ္ဘာ့နိုင်ငံရေး ချိန်ခွင်ညှာသည် စိတ်ဝင်စားစရာကောင်းသည်။ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတချို့တွင် အပြောင်းအလဲများစွာ ဖြစ်ပေါ်ခဲ့သည်။ အထင်ရှားဆုံးမှာ အာဖဂန်နစ္စတန်၏ အပြောင်းအလဲဖြစ်သည်။ တစ်ချိန်က နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သော တာလီဘန်တို့သည် ရက်ပိုင်းအတွင်း အာဖဂန်ကို သိမ်းပိုက်ခဲ့သည်။ အမေရိကန်အပါအဝင် နိုင်ငံစုံတပ်များ အာဖဂန်နစ္စတန်မှ ဘယ်နေ့နောက်ဆုံးထား ထွက်ခွာရမည်ဟူသော တာလီဘန်တို့၏ရာဇသံကို ဈေးမဆစ်နိုင်ဘဲ ကရောသောပါး ထွက်ပြေးခဲ့ရသည်။

မြန်မာဟာရီတေ့ချ်အယ်ဒီတာအဖွဲ့သည် အာဖဂန်ကို တာလီဘန်တို့ စတင်ဝင်ရောက်တိုက်ခိုက်စဉ်ကတည်းကပင် ဆရာမိုးအောင်ကို အပူကပ်ခဲ့သည်။ လက်ရှိအာဖဂန်အခြေအနေကိုရှင်းပြပြီး အာဖဂန်၏ ဖြစ်ပေါ်ပြောင်းလဲနေသော နိုင်ငံရေးဖြစ်စဉ်တစ်ခုလုံးအား စာအုပ်တစ်အုပ်အဖြစ် ထုတ်ဝေနိုင်ရန် အကူအညီတောင်းခဲ့သည်။ အယ်ဒီတာအဖွဲ့က ပါဝင်စေချင်သောအကြောင်းအရာများသာမက မာတိကာစဉ်ကိုပါ တိုင်ပင်ပြီး တစ်ပါတည်း ဆွေးနွေးအတည်ပြုခဲ့ကြသည်။ နောက်ဆုံး စောင့်ကြည့်ရမည့်ကာလကို ၂၀၂၁ ခုနှစ် ‌အောက်တိုဘာလ ၁၅ ရက်နေ့အထိ သတ်မှတ်ခဲ့ကြသည်။ ထိုအချိန်လောက်ဆိုလျှင် အာဖဂန်၏ အခြေအနေသည် အတော်ကလေး သရုပ်ပေါ်လောက်ပြီဟု ယူဆခဲ့ကြ၍ ဖြစ်သည်။

ဆရာမိုးအောင်က ဆောင်းပါးအစဉ်ကို အလဲဗင်း နေ့စဉ်သတင်းစာတွင် တောက်လျှောက်ရေးသားဖော်ပြခဲ့သည်။ ပစ္စုပ္ပန်တွင် ဖြစ်သည့်အဖြစ်အပျက်ကို ဖြစ်လျှင်ဖြစ်သည့်အတိုင်း၊ အနာဂတ်တွင် ဖြစ်လာမည့်သဘောကို ထိုဖြစ်လာနိုင်သည့် အခြေအနေအတိုင်း တင်ပြခဲ့သည်။ ယခုစာအုပ်သည် ထိုတင်ပြချက်များကို အစဉ်အတိုင်း ပြန်လည်စုစည်း ထုတ်ဝေထားခြင်း ဖြစ်သည်။

တစ်ခုတော့ ရှိသည်။ နေ့စဉ်သတင်းစာတွင် ဖော်ပြထားသည့် ဆောင်းပါးများတွင် ဓာတ်ပုံ၊ သရုပ်ဖော်ပုံတစ်ပုံစီသာ ပါခဲ့ပြီး ဓာတ်ပုံ၊ သရုပ်ဖော်ပုံတို့၏ အကြောင်းအရာများ ပြည့်ပြည့်စုံစုံ မပါဝင်ခဲ့။ စာအုပ်အဖြစ်ထုတ်ဝေသောအခါ ဆောင်းပါးတစ်ပုဒ်ချင်းစီနှင့် ကိုက်ညီသော သတင်းဓာတ်ပုံများကို ဝေဝေဆာဆာ ထည့်သွင်း



ဖော်ပြထားပါသည်။ ဓာတ်ပုံတစ်ပုံချင်းစီကိုလည်း ဖြစ်စဉ်၏ အကျိုးအကြောင်း၊ အချက်အလက်များဖြင့် စာတန်းထိုး ဖော်ပြထားသည်။

ထို့ကြောင့် ဓာတ်ပုံအညွှန်းစာသားများချည်းဖတ်လျှင်လည်း အာဖဂန်၏ နိုင်ငံရေးကောက်ကြောင်းကို သိရမည်ဖြစ်သည်။ မူရင်းဆောင်းပါးတွင် မပါဝင်သော အချို့သောအကြောင်းအရာများသည် ဓာတ်ပုံအညွှန်းစာသားများဖြင့် ဖြည့်ဆည်းဖော်ပြခြင်းဖြင့် "တစ်ကျော့ပြန် တာလီဖဂန်"ကို ဖွဲ့စည်းပေးထားသည်။

"တစ်ကျော့ပြန် တာလီဖဂန်"သည် ဖြစ်ပျက်အစုအစဉ်ကို ဦးစားပေးဖော်ပြထားသော်လည်း အာဖဂန်အရေးကြောင့် ပြောင်းလဲဖြစ်ပေါ်ခဲ့သော နိုင်ငံရေးရာအယူအဆများ၊ လက်တွေ့ကျင့်သုံးပုံများကို တွေ့မြင်ရမည်ဖြစ်သည်၊ အသိသာအမြင်သာဆုံးမှာ လစ်ဘရယ်ဝါဒ ကျဆုံးခြင်းဖြစ်ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ တရားဝင် ဖြစ်မှု မဖြစ်မှု၊ မိမိရပ်တည်ချက်အရမှု အဓမ္မ ဖြစ်မှုတို့နှင့်ပတ်သက်၍ လိုသလိုပုံဖော်ရန် အကြမ်းဖက်ခြင်းဟူသော အဓိပ္ပာယ်ကို တရွက်တစ်ရွက်၏ စာမျက်နှာပေါ်တွင်သာ ထား၍ ကြိုးပမ်းနေကြသော အင်အားကြီးနိုင်ငံများ၏ သဘောထားကို တွေ့မြင်ရ မည် ဖြစ်သည်။

မြန်မာနိုင်ငံနှင့် အာဖဂန်နစ္စတန်တို့မှာ ရေမြေခြားပြီး တိုင်းရင်းသားမျိုးနွယ်များ ကွဲပြားသော်လည်း ပြည်ပ၏ ကျူးကျော်ဝင်ရောက်မှုဒဏ်ရာဒဏ်ချက်၊ အဆက်ဆက် သွေးကွဲစေနိုင်ခဲ့သော အကွာအဟများ၊ ဘာသာရေးနှင့် နိုင်ငံရေး ရောထွေးပစ်ခြင်း၊ သူတစ်လှည့်ငါတစ်မင်း လက်နက်ကိုင်အုပ်စုများ၊ စူပါပါဝါတို့၏ ဝါဒရေးရာ တင်ပို့မှုများ၊ အကြမ်းဖက်တို့ကို ခိုနားခွင့်ပြုသော အိမ်နီးချင်း၊ အနောက်တိုင်းနှင့် ပြည်ပပြည်စာခံ မီဒီယာများ၏ ပုံသွင်းမှု၊ မြေပုံဖြန့်လျက် ပထဝီတည်နေရာ အပေါ်ရွှမ်းမိုးရန် အားထုတ်ကြခြင်း၊ တစ်နိုင်ငံချင်း၏ ရပ်တည်ချက်ကို ကမ္ဘာ့အဖွဲ့အစည်းကြီးများမှတစ်ဆင့် ပုံဖော်ဓာတ်ညွှန်းစသည့် အချို့အချို့သော တူညီချက်များစွာ ရှိနေပါသည်။

ထိုထိုသော အကြောင်းရင်းခံများကြောင့် အကျိုးဆက် အထွေထွေ ခံစားနေရသော အာဖဂန်၏ ပကတိအခြေအနေကို မြန်မာစာဖတ်ပရိသတ်အတွက် စုစည်းတင်ပြထားပါသည်။ ဆောင်းပါးတစ်ပုဒ်ချင်းစီအတွက် ရယူသော အကိုးအထောက်စာရင်းကို ဆောင်းပါး တစ်ပုဒ်ချင်းစီ၏ အဆုံးတွင် ဖော်ပြထားပါသည်။

ထို့ပြင် အာဖဂန်နစ္စတန်နိုင်ငံတွင် အာဖဂန်နစ္စတန်တွင် ပြန့်ကျဲနေသော စစ်လက်နက်များ အကြောင်းကို နောက်ဆက်တွဲဖြင့် ဖော်ပြထားပါသည်။